## ၈။ သုရုသုရုဝဂ်

**သုရုသုရု သိက္ခာပုဒ်။** ။ကိုရင် ဗုဒ္ဓရက္ခိတ.... ဟင်းရည်ကို ဖြစ်စေ၊ နွားနို့-လက်ဘက်ရည်ကို ဖြစ်စေ သောက်သောအခါ "ရှုရှူး=ရှုရှူး" လို့ အသံမြည်အောင် မသောက်ရ၊ ပါးစပ်ကို နဲနဲမော့ပြီး အသံမမြည်အောင် အသာကလေး မျှောချရသည်။ [ သုရု သုရု=ရှုရှူး ရှုရှူးဟု + ကာရက=ပြု၍။]

**ဟတ္ထ နိလ္လေဟက။** ။ကိုရင် ဗုဒ္ဓရက္ခိတ.... အောက်တန်းကျသော တချို့လူများသည် ထမင်းစားသောအခါ လက်ချောင်းမှာ ကပ်နေသော ဟင်းစ- ထမင်းစတို့ကို လျှာဖြင့် လျက်၍ လျက်၍ စားတတ်ကြ၏၊ ရဟန်းသာမဏေတို့မှာ ထိုကဲ့သို့ လျက်၍ လျက်၍ မစားကောင်းပါ။ [ ဟတ္ထ=လက်+နိလ္လေဟက=လျက်၍။]

**ပတ္တ နိလ္လေဟက။** ။ကိုရင် ဗုဒ္ဓရက္ခိတ....တချို့ ကလေးများသည် ထမင်းမလောက်မငဖြစ်နေလျှင် ထမင်းခွက်မှာ ကျန်နေသော ဟင်း အစအန ထမင်းအစအနတို့ကို လက်ဖြင့် ရသမျှ ခြစ်ချုတ်၍ စားတတ်ကြ၏၊ ရဟန်းသာမဏေတို့မှာ ထိုကဲ့သို့ သပိတ်(ဆွမ်းစားခွက်-ပန်းကန်ပြား) တို့ကို ခြစ်ချုတ်၍မစားကောင်းပါ၊ ကုန်ခါနီး၌ ဆွမ်းအားလုံးကို သိမ်းယူမှုကိုကား ပြုကောင်းပါသည်။ [ ပတ္တ=သပိတ်, ခွက်။]

**သြဋ္ဌ နိလ္လေဟက။** ။ကိုရင် ဗုဒ္ဓရက္ခိတ....တချို့ လူများသည် ထမင်းစားသော အခါ နှုတ်ခမ်းမှာ ကပ်နေသော ဟင်းအစအနကို လျှာဖြင့်- လျက်၍ လျက်၍